# ၁၉၅၇ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉။]
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ဟု ခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၁၅ တွင် —

(က) အပိုဒ် (ဂ) ၏ အဆုံး၌ရှိသော "ထို့ပြင်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ)အောက်ပါတို့ကို၊ အပိုဒ် (ဃ) နှင့် အပိုဒ် (င) အဖြစ် ထည့်သွင်းရမည်။

"(ဃ) ဤအက်ဥပဒေအရ၊ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေမှ၊ သို့တည်းမဟုတ် ဝေငှသည့်လယ်ယာမြေမှ၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန်ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာမြေမှ၊ နှင်ထုတ်ထိုက်သူ မည်သူကိုမဆိုနှင်ထုတ်နိုင်သည့် အာဏာ။

(င) ဤအက်ဥပဒေအရ၊ ကင်းလွတ်ခွင့်ပေးသည့်လယ်ယာမြေပေါ်တွင်၊ သို့တည်းမဟုတ် ဝေငှသည့် လယ်ယာမြေပေါ်တွင်၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာမြေပေါ်တွင်၊ သက်ဆိုင်ရာအာဏာပိုင်၏ အခွင့်အမိန့်မရဘဲ၊ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားစေနိုင်သည့် အာဏာ၊ ထို့ပြင်"

(ဂ) ရှိရင်းအပိုဒ် (ဃ) ကို၊ အပိုဒ် (စ) အဖြစ် ပြန်လည်အက္ခရာစဉ်ရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်၊ စာမျက်နှာ - ၃၀၀၂။

၃။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄၈ အစား၊ အောက်ပါကို၊ ပုဒ်မ ၄၈ အဖြစ် ထည့်သွင်းရမည်။

"၄၈ ။ ။ မည်သူမဆို၊ ခရိုင်မြေယာကော်မတီက ပုဒ်မ ၁၅၊ အပိုဒ် (ဃ) အရ ထုတ်ဆင့်သည့် အမိန့်မှတစ်ပါး၊ ဤအက်ဥပဒေ အရ ခန့်အပ်သောကော်မတီ၊ သို့တည်းမဟုတ် အာဏာပိုင်ကဖြစ်စေ၊ ဖွဲ့စည်းထားသောကောင်စီ၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်သည့် အခြားအမိန့်တစ်ခုခုကို၊ သို့တည်းမဟုတ် ဆင့်ဆိုချက် တစ်ခုခုကို၊ လိုက်နာရန်ပျက်ကွက်လျှင်၊ ထိုသူကို ၆ လထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။"

*အမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် အတွက် ပြစ်ဒဏ်။*

၄။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄၈ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၄၈-က အဖြစ် ထည့်သွင်းရမည်။

"၄၈-က ။ ။ မည်သူမဆို၊ ဤအက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေမှ၊ သို့တည်းမဟုတ် ဝေငှသည့်လယ်ယာမြေမှ၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာမြေမှ၊ ထွက်ခွာသွားရန် ခရိုင်မြေယာကော်မတီက၊ ပုဒ်မ ၁၅၊ အပိုဒ် (ဃ) အရ နှင်ထုတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ ထိုသူကို ၂ နှစ်ထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်ရမည်။"

*ခရိုင်မြေယာကော်မတီ၏ နှင်ထုတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်။*

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။